## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

## သတင်းထုတ်ပြန်ချက် ( ၁၃ / ၂၀၂၃)

၁။ လွတ်လပ်မှု၊ တရားမျှတမှု၊ ငြိမ်းချမ်းမှုနှင့် လူ့ဂုဏ်သိက္ခာများကို အခြေခံထားပြီး လူသားများ အားလုံးအတွက် လူ့အခွင့်အရေး စံနှုန်းများပါဝင်သော ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့၌ ကုလသမဂ္ဂက ထုတ်ပြန်ကြေညာခဲ့ပါသည်။ ယင်းနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အဖြစ် သတ်မှတ်ခဲ့ရာ ယနေ့ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် (၇၅) နှစ်ပြည့် စိန်ရတုသို့ ရောက်ရှိပြီ ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံသည် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာရရှိသည့် ၁၉၄၈ ခုနှစ်တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပြီး ထိုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့ ပါရီမြို့တွင် ကျင်းပသော ကုလသမဂ္ဂ အထွေထွေညီလာခံ၌ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အတည်ပြုချမှတ်ချိန် တွင် ပါဝင်ထောက်ခံမှုပြုခဲ့ပါသည်။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းသည် မြန်မာဘာသာ အပါအဝင် ဘာသာစကားပေါင်း ၅၀၀ ကျော်ဖြင့် ကမ္ဘာပေါ်တွင် ဘာသာပြန်ဆိုမှုအများဆုံး စာတမ်း ဖြစ်ပြီး ယင်းကြေညာစာတမ်းကို ကမ္ဘာ့မိသားစုဝင် နိုင်ငံအချင်းချင်း ဆက်ဆံရေးနယ်ပယ်တွင် လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များ ချုပ်ဆိုကြရာတွင်လည်းကောင်း၊ နိုင်ငံခြားရေးမူဝါဒ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်းတို့တွင်လည်းကောင်း စံပေတံအဖြစ် အလေးအနက် ရည်ညွှန်း ကိုးကားလေ့ ရှိပါသည်။ ထိုနည်းတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်) တွင် လည်း ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါ အခြေခံလူ့အခွင့်အရေးများကို ထည့်သွင်းပြဋ္ဌာန်း ထားပါသည်။

၃။ ကုလသမဂ္ဂက အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် နှစ်စဉ် ဆောင်ပုဒ်များ ချမှတ်လေ့ရှိရာ ယခု ၂၀၂၃ ခုနှစ်တွင် ကျရောက်သည့် (၇၅) နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ဆောင်ပုဒ်မှာ **“လူ့ဂုဏ်သိက္ခာ၊ လွတ်လပ်မှုနှင့် အားလုံး အတွက် တရားမျှတမှု”၊ “Dignity, Freedom and Justice for All”** ဖြစ်ပါသည်။

၄။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အဖြစ် ၂၀၂၃ ခုနှစ် ကာလပတ်လုံး ကမ္ဘာတစ်ဝှမ်းရှိ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာအမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများက ကမ္ဘာ့လူ့အခွင့်အရေးကြေညာ စာတမ်းကို ပိုမိုအသိအမှတ်ပြု ကျင့်သုံးဖော်ဆောင်နိုင်ရေး လှုပ်ရှားဆောင်ရွက်မှုများ ပြုလုပ်ကြပါ သည်။ ထိုနည်းတူ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကလည်း ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းနှင့် စပ်လျဉ်း၍ အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲနှင့် ဟောပြောပွဲများ ပြုလုပ် ခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါ အခွင့်အရေးများကို ရုံးတွင်းဌာနအလိုက် အင်္ဂလိပ် ဘာသာဖြင့် ဆွေးနွေးတင်ပြခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်း အသိပညာပေး

သင်တန်းများ ဖွင့်လှစ်သင်ကြားခြင်း၊ (၇၅) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်တေးသီချင်း ရေးဖွဲ့သီဆို ရိုက်ကူးခြင်းတို့ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးသဘောတူ စာချုပ်များဖြစ်သော စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (International Covenant on Economic, Social and Cultural Rights- ICESCR) ၊ ရွှေ့ပြောင်းအလုပ်သမားများနှင့် ယင်းတို့၏ မိသားစုဝင်များ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (International Convention on the Protection of the Rights of all Migrant Workers and Members of Their Families – CMW) နှင့် အမျိုးသမီး များအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (Convention on the Elimination of All Forms of Discrimination against Women – CEDAW) တို့ကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုပုံနှိပ်ခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအား နာဂတိုင်းရင်းသားနှင့် လော်ဝေါ် တိုင်းရင်းသားဘာသာများသို့ ပြန်ဆိုပုံနှိပ်ခြင်းတို့ဖြင့် အားပေးမြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

၅။ (၇၅) နှစ်မြောက် စိန်ရတု အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အခါသမယတွင် ပြည်သူတစ်ရပ်လုံးကလည်း ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါ လူတစ်ဦးချင်းစီ၏ မွေးရာပါ အခွင့်အရေး၊ ဥပဒေပါအခွင့်အရေးတို့ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် သူတစ်ပါး၏ ဂုဏ်သိက္ခာ နှင့် အခွင့်အရေးများကို အသိအမှတ်ပြုလေးစားခြင်းအားဖြင့် လူ့အခွင့်အရေးကို လေးစားလိုက်နာကျင့်သုံးသည့် လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ထွန်းလာစေရေး ဝိုင်းဝန်းကြိုးပမ်းကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်